www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊

အနောက်ဂန့်ဂေါ၊

မုံလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မုံလယ်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသီလဝရ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၃-၁၂-၂၀၀၈ ညနေ ၃-နာရီ အချိန်

ဟောကြားတော်မူသော

# ပရိညာသုံးပါးအကြောင်း

ခန္ဓာညာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မုံလယ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်တွင်

၁၃-၁၂-၂၀၀၈ ညနေ (၃)နာရီ

ဟောကြားတော်မူသော

## ပရိညာသုံးပါးအကြောင်း

ဒိဋ္ဌိပြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ရှင်တော် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ် သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင် ဘုရား။

www.dhammadownload.com



**ဓမ္မသြ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော-**ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃသြ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား၊ **နမော**-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုသြ** - မိဘနှစ်ပါးအား၊ **နမော** -ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယသြ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော် မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မိုလယ်ဆရာတော် ဘုရားကြီးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ မိဘ၊ ဆရာသမားတို့အား ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်

www.dhammadownload.com



ဖူးမြော် မာန်လျှော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမ စေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာ တို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်း ကောင်း မိမိတို့ ယခု အားထုတ်ဆဲ ဖြစ်သော ဝိပဿနာ ဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း အမေး၊ အဖြေ

### မူလနှစ်ဖြာ လက်ာ အမေး၊ အဖြေ

**မေး။** မူလနှစ်ဖြာ။

**ဖြေ။** အဝိဇ္ဇာနှင့် တဏှာ။

**မေး။** သစ္စာနှစ်ခု။

**ဖြေ။** သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

**မေး။** လေးခုအလွှာ။

**ဖြေ။** အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊

www.dhammadownload.com



ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုး
တစ်လွှာ၊

မေး။ အင်္ဂါတစ်ဆယ့်နှစ်ပါး။

ဖြေ။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။

မေး။ တရားကိုယ်များနှင့်။

ဖြေ။ အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

မေး။ သုံးပါးအစပ်။

ဖြေ။ သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊ ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊ ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

မေး။ နှစ်ရပ်မူလ။

ဖြေ။ တဏှာနှင့် အဝိဇ္ဇာ။

မေး။ ဝဋ္ဋသုံးဝနှင့်။

ဖြေ။ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ။

မေး။ ကာလသုံးဖြာ။

ဖြေ။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

www.dhammadownload.com



**မေး**။ ခြင်းရာနှစ်ဆယ်။

**ဖြေ**။ အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး၊

## (အမေး၊ အဖြေ)

**မေး**။ အတိတ်အကြောင်း အခြင်းအရာ (၅)ပါးကို ဖော်ပြပါ။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝပါ ဘုရား။

**မေး**။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါ ဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ**။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်က ကိလေသဝဋ်ပါဘုရား။
သင်္ခါရနှင့် ဘဝက ကမ္မဝဋ်ပါ ဘုရား။

**မေး**။ ကိလေသဝဋ်နှင့် ကမ္မဝဋ်ကို အခြင်းအရာအနေနဲ့

www.dhammadownload.com



ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

**ဖြေ။** အတိတ်အကြောင်း အခြင်းအရာ(၅)ပါးပါ ဘုရား။

**မေး။** အတိတ်အကြောင်း အခြင်းအရာ(၅)ပါးဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၁)အကွက်မှာပါ ဘုရား။

**မေး။** ပစ္စုပ္ပန်အကြောင်း အခြင်းအရာ(၅)ပါးကို ဖော်ပြပါ။

**ဖြေ။** တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး။** တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါ ဘုရား။

**မေး။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ။** တဏှာ၊ ဥပါဒါန်၊ အဝိဇ္ဇာက ကိလေသဝဋ်ပါ ဘုရား။ ဘဝနဲ့ သင်္ခါရက ကမ္မဝဋ်ပါ ဘုရား။

**မေး။** ကိလေသဝဋ်နှင့် ကမ္မဝဋ်ကို အခြင်းအရာအနေနဲ့

www.dhammadownload.com



ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

**ဖြေ။** ပစ္စုပ္ပန်အကြောင်း အခြင်းအရာ(၅)ပါးပါ ဘုရား။

**မေး။** ပစ္စုပ္ပန်အကြောင်း အခြင်းအရာ(၅)ပါးဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး။** တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၃)အကွက်မှာပါ ဘုရား။

**မေး။** (၃)အကွက်က သမုဒယသစ္စာ၊ (၁)အကွက်က သမုဒယသစ္စာ အခေါ်မတူဘူးလား။

**ဖြေ။** တူပါတယ်ဘုရား။

**မေး။** အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။

**ဖြေ။** ခြားနားပါတယ် ဘုရား။

**မေး။** အတိတ်ဆိုတော့ လွန်ခဲ့ပြီးပြီ၊ အသုံးချလို့ ရပ့ါမလား။

**ဖြေ။** မရပါ ဘုရား။

**မေး။** အတိတ်က သမုဒယသစ္စာ ဘယ်သူ ဦးစီးလဲ။

www.dhammadownload.com



**ဖြေ**။ အဝိဇ္ဇာ ဦးစီးပါတယ် ဘုရား။

**မေး**။ ပစ္စုပ္ပန် သမုဒယသစ္စာ ဘယ်သူ ဦးစီးလဲ။

**ဖြေ**။ တဏှာ ဦးစီးပါတယ် ဘုရား။

**မေး**။ ပိုင်းခြား သိဖို့ မလိုဘူးလား။

**ဖြေ**။ လိုပါတယ် ဘုရား။

**မေး**။ ပစ္စုပ္ပန်အကျိုး အခြင်းအရာ(၅)ပါးကို ဖော်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အခြင်းအရာအနေနဲ့ ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

**ဖြေ**။ ပစ္စုပ္ပန်အကျိုး အခြင်းအရာ(၅)ပါးပါ ဘုရား။

**မေး**။ ပစ္စုပ္ပန်အကျိုး အခြင်းအရာ(၅)ပါးဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

www.dhammadownload.com



**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၂)အကွက်မှာပါ ဘုရား။

**မေး**။ အနာဂတ်အကျိုး အခြင်းအရာ(၅)ပါးကို ဖော်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ဝိပါကဝဋ်ပါ ဘုရား။

**မေး**။ ဝိပါကဝဋ်ဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အခြင်းအရာအနေနဲ့ ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

**ဖြေ**။ အနာဂတ်အကျိုး အခြင်းအရာ(၅)ပါးပါ ဘုရား။

**မေး**။ အနာဂတ်အကျိုး အခြင်းအရာ(၅)ပါးဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

www.dhammadownload.com



**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ ဒုက္ခသစ္စာဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။

**ဖြေ**။ **ရူပက္ခန္ဓာ** - ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝေဒနာက္ခန္ဓာ** - ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သညာက္ခန္ဓာ** - မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သင်္ခါရက္ခန္ဓာ** - စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝိညာဏက္ခန္ဓာ** - သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား။

**မေး**။ ခန္ဓာငါးပါး ဖြစ်ပျက်မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ဖြစ်ပျက် ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

www.dhammadownload.com



**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၄)အကွက်မှာပါ ဘုရား။

**မေး။** (၄)အကွက်က ဒုက္ခသစ္စာ၊ (၂)အကွက်က ဒုက္ခသစ္စာ အခေါ်မတူဘူးလား။

**ဖြေ။** တူပါတယ် ဘုရား။

**မေး။** အခေါ်တူပြားသော်လည်း ပစ္စုပ္ပန်နဲ့ အနာဂတ် မခြားနားဘူးလား။

**ဖြေ။** ခြားနားပါတယ် ဘုရား။

**မေး။** အနာဂတ် ရောက်ပြီလား။

**ဖြေ။** မရောက်သေးပါဘူး ဘုရား။

**မေး။** မရောက်သေးရင် အသုံးချလို့ ရပ့ါမလား။

**ဖြေ။** မရပါ ဘုရား။

**မေး။** အခုရောက်ဆဲ ဘယ်အကွက်မှာလဲ။

**ဖြေ။** ပစ္စုပ္ပန် (၂)အကွက် မှာပါဘုရား။

**မေး။** ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ။** (၄)ကွက် ရှိပါတယ် ဘုရား။

**မေး။** တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ။** (၅)ပါးပါ ဘုရား။

**ဆရာတော်။** ငါးလေးလီ

**ယောဂီများ။** နှစ်ဆယ်

www.dhammadownload.com



**ဆရာတော်။** ဤရှစ်သွယ်ကို
**ယောဂီများ။** အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

## မူလနှစ်ဖြာ လင်္ကာ အမေး၊ အဖြေ

**မေး။** မူလနှစ်ဖြာ။
**ဖြေ။** အဝိဇ္ဇာနှင့် တဏှာ။
**မေး။** သစ္စာနှစ်ခု။
**ဖြေ။** သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။
**မေး။** လေးခုအလွှာ။
**ဖြေ။** အတိတ်အကြောင်းတစ်လွှာ၊
ပစ္စုပ္ပန်အကျိုး တစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊
အနာဂတ် အကျိုး တစ်လွှာ၊
**မေး။** အင်္ဂါတစ်ဆယ့်နှစ်ပါး။
**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။

www.dhammadownload.com



**မေး**။ တရားကိုယ်များနှင့်။

**ဖြေ**။ အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

**မေး**။ သုံးပါးအစပ်။

**ဖြေ**။ သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊
ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

**မေး**။ နှစ်ရပ်မူလ။

**ဖြေ**။ တဏှာနှင့် အဝိဇ္ဇာ။

**မေး**။ ဝဋ်သုံးဝနှင့်။

**ဖြေ**။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

**မေး**။ ကာလသုံးဖြာ။

**ဖြေ**။ လွန်လေပြီးသော အတိတ်ကာလ၊
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**မေး**။ ခြင်းရာနှစ်ဆယ်။

**ဖြေ**။ အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး၊

www.dhammadownload.com



(အမေး၊ အဖြေ)

**မေး။** ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။
ကိလေသဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၃)ပါးပါ ဘုရား။

**မေး။** ကမ္မဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၂)ပါးပါ ဘုရား။

**မေး။** ဝိပါကဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၈)ပါးပါ ဘုရား။

**မေး။** ကိလေသဝဋ် (၃)ပါးကို ဖော်ပြပါ။

**ဖြေ။** အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ ဘုရား။

**မေး။** သစ္စာလေးပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** ခန္ဓာငါးပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** အာယတန တစ်ဆယ့်နှစ်ပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** ဓာတ် တစ်ဆယ့်ရှစ်ပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

www.dhammadownload.com



**မေး**။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိတာ။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ သိသင့် သိထိုက်တဲ့တရားကို မသိလို့ အဝိဇ္ဇာလို့ မခေါ်လား။

**ဖြေ**။ ခေါ်ပါတယ်ဘုရား။

**မေး**။ သိရင် ဝိဇ္ဇာပေါ့။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါလို့ နှလုံးသွင်း မှားတာကော။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ နှလုံးသွင်း မှားတာ အဝိဇ္ဇာနော်။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်လား။

**ဖြေ**။ ပျက်ပါတယ် ဘုရား။

**မေး**။ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။

**ဖြေ**။ ထင်ရှားပါတယ် ဘုရား။

www.dhammadownload.com



**မေး။** ဤ ဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ နှလုံးသွင်း မှားတာကော။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။

**ဖြေ။** တဏှာပါ ဘုရား။

**မေး။** မရရင် မနေဘူးလို့ စွဲလမ်းတာ။

**ဖြေ။** ဥပါဒါန်ပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ကိလေသဝဋ်ပါ ဘုရား။

**မေး။** သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။

**ဖြေ။** သင်္ခါရနှင့် ကမ္မဘဝပါ ဘုရား။

**မေး။** ပါးစပ်ကပြောတော့ ဘယ်သင်္ခါရ တပ်မလဲ။

**ဖြေ။** ဝစီသင်္ခါရပါ ဘုရား။

**မေး။** ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သင်္ခါရ။

**ဖြေ။** ကာယသင်္ခါရပါ ဘုရား။

**မေး။** စိတ်က ကြံစည်တော့ ဘယ်သင်္ခါရ။

www.dhammadownload.com



**ဖြေ**။ စိတ္တသင်္ခါရပါ ဘုရား။

**မေး**။ ပါးစပ်က ပြောတော့ ဘယ်ကံလဲ။

**ဖြေ**။ ဝစီကံ ပါဘုရား။

**မေး**။ ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။

**ဖြေ**။ ကာယကံ ပါဘုရား။

**မေး**။ စိတ်က ကြံစည်တော့ ဘယ်ကံလဲ။

**ဖြေ**။ မနောကံ ပါဘုရား။

**မေး**။ ကာယကံ ဝစီကံ မနောကံ၊
ဤသုံးပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကမ္မဝဋ် ပါဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို သစ္စာဖွဲ့တော့
ဘာသစ္စာလဲ။

**ဖြေ**။ သမုဒယသစ္စာ ပါဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၁)အကွက်မှာပါ ဘုရား။

**မေး**။ ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

**မေး**။ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ဝိပါကဝဋ်ပါ ဘုရား။

www.dhammadownload.com



**မေး**။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၄)အကွက်မှာပါ ဘုရား။

**မေး**။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ**။ (၄)ကွက် ရှိပါတယ် ဘုရား။

**မေး**။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ**။ (၅)ပါးပါ ဘုရား။

**ဆရာတော်**။ ငါးလေးလီ

**ယောဂီများ**။ နှစ်ဆယ်

**ဆရာတော်**။ ဤရှစ်သွယ်ကို

**ယောဂီများ**။ အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

(သာဓု သာဓု သာဓု)

www.dhammadownload.com



## မူလနှစ်ဖြာ တစ်ခေါက်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊
ခြင်းရာနှစ်ဆယ်၊
ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

**နမော တဿ ဘဂဝတော**

**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**နမော တဿ ဘဂဝတော**

**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**နမော တဿ ဘဂဝတော**

**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဝိညာဏ်မြင် **သမ္မုတိသစ္စာ**အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ပါဏာတိပါတာအစ သုရာမေရယ အဆုံး၊

www.dhammadownload.com



ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား၊ အကုသိုလ်လား . . . (အကုသိုလ်ပါ ဘုရား)။ အကုသိုလ် ကံ အကြောင်းကြောင့် အကျိုးတရား က သေသည်ရဲ့ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ဒါ အကုသိုလ်ကံကြောင့် ဖြစ်တာနော်။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား . . . (ကုသိုလ်ပါ ဘုရား)။ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည်၊ နတ်ပြည် ခြောက်ထပ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဆင်းရဲတဲ့ တရားလား၊ ချမ်းသာတဲ့ တရားလား . . . (ချမ်းသာတဲ့ တရားပါ ဘုရား)။

အဲဒါ ကုသိုလ်ကံ၊ အကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရင် ဗေဒင် မေးစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ နတ်ကတော် မေးစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ ဝိဇ္ဇာတွေ မေးစရာ လိုသေးရဲ့လား

www.dhammadownload.com



. . . (မလိုပါဘူး ဘုရား)။ ဗေဒင်မေးတယ်၊ နတ်ကတော်မေးတယ်၊ ဝိဇ္ဇာ မေးတယ်ဆိုတာ ကံကို မယုံလို့ပေါ့။ ကံကို မယုံရင် (၃၁)ဘုံက ထွက်ဖို့လွယ်ပါ့မလား . . . (မလွယ်ပါဘူး ဘုရား)။ ကံ ကံ၏အကျိုးကို ယုံကြည်ဖို့ လိုတယ်နော်။

သက်ရှိ သတ္တဝါတဲ့ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆိုရင် ပါဏာတိပါတကံ မထိုက်ဘူးလား . . . (ထိုက်ပါတယ် ဘုရား)။ ပါဏာတိပါတ ကံကြောင့် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသက်စေ့၊ တိရစ္ဆာန်ဘဝ မရောက်ဘူးလား . . . (ရောက်ပါတယ် ဘုရား)။ တိရစ္ဆာန်ဆိုတော့ နိုင်ရာစားဘဝပေါ့။ ကုသိုလ်လား၊ အကုသိုလ်လား . . . (အကုသိုလ်ပါဘုရား)။ တိရစ္ဆာန်က သေတော့ ငရဲပေါ့။ ငရဲကလွတ်တော့ တိရစ္ဆာန်ပေါ့။ ရှေးဆရာတော် သမားတော်တွေ ငရဲနှင့် တိရစ္ဆာန် **ရက်ကန်းရှုယ်သလို**လို့ မဟောဘူးလား . . . . ( ဟောပါတယ် ဘုရား)။ ကြောက်စရာ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လူ့အဖြစ် ရဖို့လွယ်ပါ့မလား . . . (မလွယ်ပါဘူး ဘုရား)။

ကဲ လူ့အဖြစ်ကို ရတယ်ထားနော်။ မွေးမွေးချင်း သေတဲ့ ကလေးတွေ မရှိလား . . . (ရှိပါတယ် ဘုရား)။

www.dhammadownload.com



လသားနဲ့ သေတာ မရှိလား . . . (ရှိပါတယ် ဘုရား)။ ကျောင်းသားအရွယ်နဲ့ သေတာ မရှိလား . . . (ရှိပါတယ် ဘုရား)။ သူဌေးသားပဲဖြစ်ဖြစ်၊ သူဌေးသမီးပဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့ သူဌေးရဲ့ စည်းစိမ်ကို ခံစားရရဲ့လား . . . (မခံစားရပါဘူး ဘုရား)။ အိုးပုတ်၊ ချိုးရုပ်နဲ့ ပျော်လို့ သေတော့တာနော်။ လူဖြစ်ကျိုး ရှုံးတာပေါ့။ အသက်တို တယ်လို့ မပြောလား . . . (ပြောပါတယ် ဘုရား) ။အသက်တိုတာ အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့် အကျိုး တရားပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါ ဘုရား)။ အသက်တိုတဲ့ အကြောင်းကို ရှာကြည့် တော့ သက်ရှိ သတ္တဝါတွေ သတ်ခဲ့တာကိုး။ သက်ရှိသတ္တဝါ တွေ သတ်ခဲ့လို့ ဖြစ်တဲ့ဘဝမှာ အသက်တိုတယ်နော်။ ကြောက်စရာ မကောင်းလားဟေ့ . . . (ကောင်းပါတယ် ဘုရား)။ အရှေ့အိမ်က အဘိုးကြီး၊ အဘွားကြီးတွေ အသက် ခုနှစ်ဆယ်ကျော် ရှစ်ဆယ်။ စားနိုင်တယ်၊ သွားနိုင်တယ်၊ လုပ်နိုင်တယ် မပြောကြဘူးလား . . . (ပြောကြပါတယ် ဘုရား)။ သီလ ကုသိုလ် ကောင်းတာကိုးလို့ အဖြေမပေး လား . . . (ပေးပါတယ် ဘုရား)။ ဘယ်လောက်များ ထင်ရှားသလဲနော်။ ယုံကြည်ဖို့ မကောင်းလားဟေ့ . . . (ကောင်းပါတယ် ဘုရား)။

www.dhammadownload.com



သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ဟင်းတစ်ညွန့် ကစ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားအထိ ပိုင်ရှင် အခွင့် မပြုပဲနဲ့ ယူရင် အဒိန္နာဒါနကံ မထိုက်ဘူးလား . . . (ထိုက်ပါတယ် ဘုရား)။ အဒိန္နာဒါနကံ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ် ရတယ်ထား၊ လူဖြစ်တဲ့ ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော်။ ဘယ်လိုပဲ လုပ်လုပ် စားဝတ်နေရေး ပြေရဲ့လား . . . (မပြေပါဘူး ဘုရား)။ အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရားပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရားပေါ်တာပါ ဘုရား)။ အငတ်ပြဿနာရဲ့ အကြောင်းကို ရှာကြည့်တော့ အတိတ် ဘဝက သူများစားမည့် အစားအစာကို ခိုးခဲ့တာပေါ့။ သူများ ဝတ်မည့် အထည်အဝတ်အစားတွေ ခိုးခဲ့တာပေါ့။ အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရားပေါ်တာ လား . . . (အကြောင်းကြောင့် အကျိုးတရားပေါ်တာပါ ဘုရား)။ ဒါ အကြောင်းအကျိုး သိအောင်လို့ တရားနာရ တယ်နော်။ အဲဒါ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်း ပါတယ် ဘုရား)။

လင်ရှိမယား၊ မယားရှိလင် ကျူးကျော် စော်ကား

www.dhammadownload.com



လို့ရှိရင် ကာမေသုမိစ္ဆာစာရကံ မထိုက်လား . . . (ထိုက်ပါတယ် ဘုရား)။ ကာမေသုမိစ္ဆာစာရကံထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ၊ ငရဲကိုအားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ကိုရတယ်ထား၊ လူဖြစ်တဲ့ ဘဝမှာ လူချင်းတူရဲ့လား . . . (မတူပါဘူး ဘုရား)။ ကုတ္တိလိင်၊ ပုလ္လိင်ကွဲ့၊ ကြားရဲ့လား။ လူဖြစ်ကျိုး ရှုံးတော့တာနော်။

ခန္ဓာဝန် ထိန်းကျောင်းမှုနဲ့ ပတ်သက်လို့ မုသားကို အမျိုးမျိုး မသုံးကြဘူးလား . . . (သုံးကြပါတယ် ဘုရား)။ မုသာဝါဒကံ မထိုက်လား . . . (ထိုက်ပါတယ် ဘုရား)။ သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ၊ ငရဲကိုအားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ရတယ်ထား၊ လူဖြစ်တဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်လို့ ငွေကြေးကိစ္စ၊ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား . . . (မရပါဘူး ဘုရား)။ ဘယ်သူမှ အယုံအကြည်မရှိဘူးနော်။ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရားပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါ ဘုရား)။

ဘိန်းဘင်း၊ ကစော်၊ လျှော်စာ၊ အရက် သေရည်

www.dhammadownload.com



သေရက်ကို သောက်စားခြင်းကြောင့် သုရာမေရယကံ မထိုက်လား . . . (ထိုက်ပါတယ် ဘုရား)။ သုရာမေရယကံ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲ သက်စေ့၊ လူ့အဖြစ်ကို ရတယ်ထား၊ လူဖြစ်တဲ့ ဘဝမှာ ရူးတဲ့ ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား . . (မြင်ဖူးပါတယ် ဘုရား)။ လူဖြစ်တော့ လူရူး၊ ခွေးဖြစ်တော့ ခွေးရူး၊ ဝက်ဖြစ်တော့ ဝက်ရူးပေါ့။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါ ဘုရား)။ အဲဒါ သုရာမေရယ ကံ ကွဲ့နော်။

ပါဏာတိပါတာအစ သုရာမေရယအဆုံး ငါးပါးထဲမှာ သုရာမေရယကံ အဆိုးဆုံးပေါ့။ လူတစ်ယောက် မသောက်၊ မစား၊ မမူးခင် ပင်ကိုစိတ်လေးက ရိုးရိုးလေးပေါ့။ သောက်လို့ မူးတဲ့အခါကျတော့ ပင်ကိုယ်စိတ်တွေ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။ အဲဒီအခါ သတ်ချင်တဲ့ စိတ်တွေမပေါ်လား . . . (ပေါ်ပါတယ်ဘုရား)။ ခိုးချင်တဲ့ စိတ်တွေမပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ လင်သားမယားတွေကို ဖျက်ဆီးချင်တဲ့ စိတ်တွေ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ မုသားကို အမျိုးမျိုး မသုံးကြဘူးလား

www.dhammadownload.com



. . . (သုံးပါတယ်ဘုရား)။ ငါးပါးထဲမှာ ကြောက်စရာ အကောင်းဆုံးနော်။ အထူးသဖြင့် ဆင်ခြင်ဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ ရပ်တိုင်း ရွာတိုင်းမှာ ဆွံ့တာတွေ၊ အတာတွေ၊ နတာတွေ၊ မစွမ်းခိုးခင်းတွေ၊ ဒုက္ခိတတွေ ဒါ သုရာမေရယကံတွေကွဲ့။ ကြောက်စရာ မကောင်းလားဟေ့ . . . (ကောင်းပါတယ် ဘုရား)။ အလွန်ကြောက်စရာ ကောင်းတယ်နော်။

ဘုန်းကြီးတို့ ဒေသန္တရမှာ အင်္ဂလိပ်လက်ထက်က သမိုင်းဝင် စွယ်တော်ရှင်ဘုရားကြီး ရှိတာပေါ့။ အဲဒီမှာ စိန်ကတုံးတို့ ဖိုးလှတို့ဆိုတာ စိတ်မကောင်း တကောင်းပေါ့။ ဆွမ်းတော်ကပ်တဲ့ ဘုရားဆွမ်းတော်ကပ်တဲ့အခါ အဲဒီ ဆွမ်းတော်တွေ တောင်းစားကြတာပေါ့။ တခါ တခါ အညာ ကိုသွားတော့ မင်းရွာပေါ့နော်။ မြစ်သာမြစ် မြောက်ဘက်မှာ မြသိန်းတန်ဘုရား၊ သီရိမ္ဗာသောကမင်းကြီး တည်ခဲ့တာပေါ့။ အဲဒီ ဘုရားမှာ သွားပြီးတော့ ဆွမ်းတော်ကပ်တဲ့ လူတွေမှာ တောင်းစားတယ်။ ဇရပ်က စောင့်ပြီးတော့နော်။

အဲဒီက ဥပါသကာတစ်ယောက်က တောင်သူ ယောက်ျား ရိုးရိုးပေါ့။ ထန်းကို သူကိုယ်တိုင် တက်ပြီးတော့ ထန်းရည် သောက် တယ်နော်။ ဝယ်မသောက်ဘူး၊ အပေါင်း အဖော်နဲ့ မသုံးဘူး၊ ထန်းလှီး သွားတဲ့အခါ ဖိုးလှနဲ့ သွားတွေ

www.dhammadownload.com



တယ်။ ဟော့ ဖိုးလှ၊ ထန်းရည်သောက်ချင်လိုက်ခဲ့၊ ထန်းရည်သောက်ချင်ရင် လိုက်ခဲ့လို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား)။

ငါ ဟိုဘဝတုန်းက သောက်တာ အခုထိအမူး မပြေသေးဘူးတဲ့။ ဟိုဘဝတုန်းက သောက်ခဲ့တာ အမူးမပြေသေးတဲ့။ ရူးတဲ့ပုဂ္ဂိုလ်တွေဟာ အမူးပြေလို့လား၊ မပြေလို့လား . . . (မပြေလို့ပါ ဘုရား)။ အဲဒါနဲ့ အဲဒီလူက စဉ်းစားပြီးတော့ ခြေတစ်လှမ်းချင်း ထွက်သွားတာနော်။ သူ့တောတောင်ရောက်တဲ့အခါကျတော့ ထန်းပင်တက် အိုးတွေကို ရိုက်ခွဲ၊ ထန်းစတွေ ချိုးဖဲ့ပြီးတော့ ဆင်းလာခဲ့တာပေါ့။ အဲဒီနေ့ကစ အသောက်အစား ပြတ်တော့တာကွဲ့။ ဘုန်းကြီးတို့ ဟောတုန်းက မကျွတ်ဘူး။ ဖိုးလှ ဟောခါမှ ကျွတ်တော့တာ။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

ဟိုဘဝက သောက်ခဲ့တာ အခု ဘဝထိ အမူးမပြေဘူးတဲ့။ ရူးတဲ့ပုဂ္ဂိုလ်ဟာ အမူးပြေလို့လား၊ မပြေလို့လား . . . (မပြေလို့ပါဘုရား)။ အခုလည်း ခေါင်းမူး ခဏခဏပေါ်တဲ့ လူဟာ အသောက်သမားကွဲ့။ ကားစီးရင် မူး၊ ရထားစီးရင် မူး၊ လေယာဉ်စီးရင် မူးကွဲ့နော်။ ဘယ်မှမသွားပြောလည်း ခဏခဏ အမူးပေါ်တာတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ တရားဟောရတာ အားနာစရာကောင်း

www.dhammadownload.com



တယ်၊ အသောက်သမားကွဲ့၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်း ပါတယ်ဘုရား)။ အဲဒါလိုရင်းအချက်တွေကွဲ့နော်။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

မကြားစဖူး ကြားဖူးထပ်မံ မြတ်စွာဘုရားရှိစဉ် က ညီတော်အာနန္ဒာက လျှောက်ထားတယ်နော်။ နောင်တော်ဘုရား လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမှာရှိတဲ့ ကုသိုလ်တရားနဲ့ အကုသိုလ်တရား ဘယ်ကများသလဲ ဘုရားလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ ညီတော်အာနန္ဒာ လူအရိယာ၊ နတ်အရိယာ၊ ဗြဟ္မာအရိယာကို ချန်၊ လူအန္ဓ၊ နတ်အန္ဓ၊ ဗြဟ္မာအန္ဓမှာရှိတဲ့ ကုသိုလ်တရားက ငါဘုရား လက်သည်းပေါ်မှာတင်တဲ့ မြူမှုန့် ပမာဏ။

မြတ်စွာဘုရား လက်သည်းပေါ်မှာတင်တဲ့ မြူမှုန့် ဆိုတာ ဘယ်လောက်မှ မရှိဘူးပေ့ါ။ သုံးရွေးသားပဲ ရှိမှာ ပါပဲကွယ်။ အကုသိုလ်တရား ကမ္ဘာပထဝီမြေကြီးနဲ့ အမျှလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဗမာပြည် မဟုတ်ဘူးနော်၊ ကမ္ဘာပထဝီ မြေကြီးနဲ့ အမျှတဲ့။ နှိုင်းယှဉ်လို့ ရပ့ါမလားဟေ့ . . . (မရပါဘူး ဘုရား)။ အဲဒါ လူပြန်ဖြစ်ဖို့ လွယ်ပ့ါမလား . . . (မလွယ်ပါဘူး ဘုရား)။ မလွယ်ဘူး၊ လူဖြစ်တဲ့ ဘဝလေးမှာ အရင်းရဖို့ လိုတယ်နော်။ သာသနာ

www.dhammadownload.com



တွင်းမှာ အမြွတ်ထွက်ဖို့ လိုတာပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။

လူဖြစ်တာ သီလပေါ့။ နတ်ဖြစ်တာ သီလပေါ့။ သီလတစ်ပါးမှ မရှိရင်သာ ဒါ အပါယ်ကျမှာပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြ၊ အဲဒါ ကံလမ်းက ပောရတာနော်။ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိ ကံ၊ ကံ၏အကျိုးကို ယုံကြည်ဖို့ လိုတာပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ ဂင်္ဂါမြစ်မှာ ရှိတဲ့ သဲလုံးနှင့်အမျှ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ တစ်ဆူသော ဘုရားရှင်မှာ နှစ်ဆယ့်လေး သင်္ချေနဲ့ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်း ဝင်တယ်လို့ မပောဘူးလား . . . (ပောပါတယ်ဘုရား)။ အဲဒီလောက် ဘုရားတွေ မရေတွက်နိုင်အောင် ပွင့်တယ်နော်။

အဲဒီလို ပွင့်တော်မူတဲ့ ဘုရားအဆူဆူကို အခု တရားနာ ပရိသတ်တွေ တွေ့ခဲ့ကြရဲ့လား. . . (မတွေ့ခဲ့ပါ ဘူး ဘုရား)။ ဘယ်မှာများ နေတာလဲလို့ မေးရင် ဘယ်လို အဖြေပေးမှာလဲ . . . (ငရဲမှာပါ ဘုရား)။ ငရဲမှာ၊ ငရဲကျ သွားပြီးရင် ဘုရား အဆူဆူနဲ့ ချော်လွဲနိုင်တယ်နော်။

www.dhammadownload.com



ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ အထူးသဖြင့် ဆင်ခြင်ဖို့ လိုတယ်၊ ကံကို ယုံကြည်ရမယ် နော်။ ဉာဏ်ကိုအားကိုးရမယ်။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

ပိဋကတ်သုံးပုံကို ချုံ့ကြည့် ခန္ဓာငါးပါးပေါ့။ ခန္ဓာငါးပါးချုံ့ကြည့် နာမ်နဲ့ ရုပ်ပေါ့။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီ ခန္ဓာသိဖို့လိုတယ်၊ သက္ကာယဒိဋ္ဌိပြုတ်ဖို့ ပဓာနနော်။ သက္ကာယ သက္ကာယ ဆိုတာ ဘယ်တရားလဲ၊ ခန္ဓာငါးပါးပေါ့။ ချုံ့လိုက်ရင် နာမ် နဲ့ရုပ်ပေါ့။

အခု တရားနာပရိသတ်တွေ ဘုန်းကြီးကို မမြင်ဘူး လား . . . (မြင်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ်ဘုရား)။ တရားဆိုတာ သူ့ပင်ကိုယ်ကကိုက မှန်နေတာ၊ တရားထိုင်မယ်လို့ မပြောကြဘူးလား . . . (ပြောကြပါတယ် ဘုရား)။ တရားနာမယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ လူထိုင်မယ်လို့ ပြောတာလား၊ တရားထိုင်မယ်လို့ ပြောတာလား . . . (တရားထိုင်မယ်လို့ ပြောတာပါ ဘုရား)။ လူနာမယ်လို့ ပြောတာလား၊ တရား

www.dhammadownload.com



နာမယ်လို့ ပြောတာလား . . . (တရားနာမယ်လို့ ပြောတာပါ ဘုရား)။

အခု ထိုင်နေတာ စဉ်းစားနော်။ လူလား၊ ထောက်ကန့်ဝါယောလား . . . (ထောက်ကန့်ဝါယောပါ ဘုရား)။ ရပ်တာ လူလား၊ ထောက်ကန့်ဝါယောလား . . . (ထောက်ကန့်ဝါယောပါ ဘုရား)။ သွားတာ လာတာ လူလား၊ လှုပ်ရှားဝါယောလား . . . (လှုပ်ရှားဝါယောပါ ဘုရား)။ ဝါယောဓာတ်လို့ သိတာ သူ၊ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ ဝါယောက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်ရုပ် နှစ်ပါးပါလား။ မှန်ပါတကားကွဲ့။ တရား၊ လူ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ နတ်ကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဗြဟ္မာကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။

ကဲ လက်တွေ့ ဘုန်းကြီးလို့ မြင်တယ်၊ ဘုန်းကြီးလို့ ထင်တယ်နော်။ အဲဒါ ဘုန်းကြီးလို့ ခေါ်မလား၊ ဦးခေါင်းလို့ ခေါ်မလား . . . (ဦးခေါင်းလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ နဖူးလို့ ခေါ်မလား . . . (နဖူးလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ မျက်နှာလို့

www.dhammadownload.com



ခေါ်မလား . . . (မျက်နှာလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ ပါးလို့ ခေါ်မလား . . . (ပါးလို့ ခေါ်ပါတယ် ဘုရား)။ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျားနော်။ အဲဒီလို တကယ် လေ့လာကြည့်တာ သုံးဆယ့်နှစ် ကောဋ္ဌာသပဲ တွေ့မှာပေ့ါ။ ဘုန်းကြီးတွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ထင်တော့ ဘုန်းကြီးလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ဘာဖြစ်လို့ ဘုန်းကြီးလို့ မတွေ့တာလဲ . . . (မရှိလို့ ပါဘုရား)။ အဲဒါ မရှိဘူးလို့ တကယ်မြင်လို့ တကယ်သိတဲ့ ပုဂ္ဂိုလ်ဟာ စွဲစရာလိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ မမြင်လို့ မသိလို့ ထင်ပြီးတော့ စွဲနေကြတာပေ့ါ။ **အရှိကိုကြည့် မရှိတာမြင်တတ်တယ်** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

ရန်ကုန်မြို့ တစ်မြို့လုံးကို မျှော်စင်တွေပေါ်က တက်ကြည့်လိုက်နော်။ ရန်ကုန်မြို့ကို မမြင်ရဘူးလား . . . (မြင်ရပါတယ် ဘုရား)။ မြင်ရတယ်နော်။ မျှော်စင်ပေါ်က ဆင်းပြီးတော့ မြို့ထဲကို ဝင်ကြည့်လိုက်နော်။ ရန်ကုန်မြို့ တွေ့မလား၊ အိမ်တွေ့မလား . . . (အိမ်တွေ့ပါတယ် ဘုရား)။ မျှော်စင်ပေါ်ကကြည့်တော့ မြို့ကို မြင်တာကွဲ့။ ဆင်းပြီးတော့ အောက်ကကြည့်တော့ မြို့လား အိမ်လား . . . (အိမ်ပါ ဘုရား)။ အိမ်ပဲ တွေ့တယ်နော်။ တော်တုန်း

www.dhammadownload.com



ကတော့ မြို့ မြင်တာပေါ့။ အခု မြို့တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိလို့ . . . ။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒီ အိမ်တစ်ခုကို သွပ်မိုး မိုးထားတဲ့ အိမ်ပေါ့။ အကာက ပျဉ်ထောင်နော်။ သွပ်မိုးကို ခွာလိုက်တာပေါ့။ ပျဉ်ထောင်ကို ခွာလိုက်တာပေါ့။ တန်းတွေ ဖြုတ်လိုက်တာပေါ့။ ခါးပန်းကို ခွာလိုက်တာပေါ့။ ကြမ်းကို ခွာလိုက်တာပေါ့။ ဆင့်ကို နုတ်လိုက်တာပေါ့။ ရက်မကို ဖြုတ်လိုက်တာပေါ့။ တိုင်တွေ နုတ်လိုက်ပေါ့။ စုပုံထား၊ အိမ်လား သစ်စုဝါးပုံလား . . . (သစ်စုဝါးပုံပါ ဘုရား)။ တော်တုန်းက အိမ်လို့ မြင်တာ။ အခု တွေ့နေတာ အိမ်လား သစ်စုဝါးပုံလား . . . (သစ်စုဝါးပုံပါ ဘုရား)။ ဘာဖြစ်လို့ အိမ် မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိလို့ . . . ။ ယုံကြည်ရဲ့လား . . . (ယုံကြည်ပါတယ် ဘုရား)။

သစ်စုဝါးပုံထင်လို့ ဘုရားပေးတဲ့ ဉာဏ် လက်နဲ့ ကိုင်စမ်းကြည့်နော်။ မာတဲ့သဘော မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ မာတယ်လို့ သိတာ သူငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ နာမ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ မာတာက

www.dhammadownload.com



ရုပ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ နာမ်ရုပ် နှစ်ပါးပေါ့။ သစ်စုဝါးပုံလား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ အိမ်လား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ရွာလား နာမ်နဲ့ ရုပ် . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ မြို့လား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ ကဲ နာမ်ရုပ်ပဲ တွေ့တယ်နော်။ **ရုပ်နာမ် သုညတ** လို့ ဟော မ ဟော . . . (ဟောပါတယ် ဘုရား)။

ရုပ်ထဲမှာ ရှာကြည့် မြို့ရွာ၊ တိုင်းပြည် တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါဘုရား)။ ရုပ်ထဲမှာ မတွေ့ရင် နာမ် ထဲမှာရော တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ကဲ စဉ်းစား စရာတွေနော်။ ဒီလိုဆိုတော့ သစ်စုဝါးပုံလို့ စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ အိမ်အနေနဲ့ စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ ရွာအနေနဲ့ စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ မြို့အနေနဲ့ စွဲစရာ လိုသေးရဲ့လား . . (မလိုပါဘူး ဘုရား)။

အခုလည်း သုံးဆယ့်နှစ်ကောဋ္ဌာသကို ဘုန်းကြီးလို့ ထင်တာ သုံးဆယ့်နှစ်ကောဋ္ဌာသ တွေ့တယ်နော်။ ဘုရား

www.dhammadownload.com



ပွင့်မှ ကြားသိရတဲ့ ဝိပဿနာဉာဏ်ပေါ့။ ဦးခေါင်းထင်လို့ ကိုင်စမ်းကြည့် ဦးခေါင်းတွေ့သလား၊ မာတာတွေ့ သလား . . . (မာတာ တွေ့ပါတယ် ဘုရား)။ နဖူးထင်လို့ ကိုင်စမ်းကြည့် နဖူးတွေ့သလား မာတာတွေ့သလား . . . (မာတာ တွေ့ပါတယ် ဘုရား)။ ပါးထင်လို့ ကိုင်စမ်းကြည့် ပါး တွေ့သလား ပျော့တာတွေ့သလား . . . (ပျော့တာတွေ့ ပါတယ် ဘုရား)။ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျား၊ မာတာနဲ့ ပျော့တာကလွဲလို့ တွေ့သေးရဲ့လား . . . (မတွေ့ ပါဘူး ဘုရား)။

မာတယ်လို့ သိတဲ့အချိန် ဦးခေါင်းကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ နဖူးကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ပျော့တယ်လို့ သိတဲ့အချိန်. . . ပါးကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ခြေ၊ လက် အင်္ဂါတွေရောတွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ တွေ့ တာက မာသဘော မာဓာတ် မာပရမတ်နော်။ မာတယ် လို့သိတာ သူ၊ ငါလား ကာယဝိညာဏ် . . . (ကာယ ဝိညာဏ်ပါ ဘုရား)။ နာမ်တရား မရဘူးလား . . . (ရပါ တယ် ဘုရား)။ မာတာက ရုပ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါး။ ကဲ ဘုန်းကြီးလား

www.dhammadownload.com



နာမ်နဲ့ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ထင်တော့ ဘုန်းကြီးလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ တွေ့တာက ဘုန်းကြီးလား နာမ်နဲ့ ရုပ် . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။

ဘုန်းကြီးမှ မတွေ့ရင် လူကားတွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ နတ်ကား တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ ဗြဟ္မာကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါဘုရား)။ မရှိရင် ဘယ်လိုစွဲမလဲ . . . (စွဲစရာမရှိပါဘူး ဘုရား)။ အဲဒါ လိုရင်းအချက်ပေါ့။ **ဉာတပရိညာ ပိုင်းခြားလို့သိပါ** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာနဲ့ နာမ်၊ရုပ်နဲ့ ပိုင်းခြားဖို့ လိုတယ်နော်။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

မကြားစဖူး ကြားဖူးထပ်မံ ရှေးအထက်ကျော်ကာရီက သားအမိ သားအဖ သုံးယောက်ပေါ့နော်။ သားလေးတစ်ယောက်က တစ်နှစ်နဲ့ ခြောက်လပေါ့။ သွားနိုင်လာနိုင် အဖေမှန်း အမေမှန်းသိပြီနော်။ အဲဒီအခါ ဖခင်ကြီးက သေဆုံးသွားတာပေါ့။ သေဆုံးလို့ နှစ်နှစ်ပြည့်တဲ့ အခါကျတော့ မိခင်ကြီးက နောက်အိမ်ထောင်ပြုတော့တာကွဲ့။

www.dhammadownload.com



အိမ်ထောင်ပြုတဲ့ နောက်အိမ်ထောင်ကို သားလေးကို အဖေလို့ခေါ် အဖေလို့ခေါ်လို့ မခိုင်းဘူးလား . . . (ခိုင်းပါတယ် ဘုရား)။ သားလေးက အဖေလို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား)။ သူ့အဖေ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ သူ့အဖေ မဟုတ်ရင် စွဲပါမလား . . . (မစွဲပါဘူး ဘုရား)။ အဲဒါ ယုံကြည်ရဲ့လား . . . (ယုံကြည်ပါတယ် ဘုရား)။ အခုတွေ့တာက လူလား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဘုန်းကြီးလား နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ လူလည်း မတွေ့၊ နတ်လည်း မတွေ့၊ ဗြဟ္မာလည်း မတွေ့ ဘုန်းကြီးလည်း မတွေ့၊ တွေ့တာ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ နာမ်ရုပ်လို့သိ ဘုန်းကြီးလို့ခေါ်။ နာမ်၊ ရုပ်လို့သိ လူလို့ခေါ်၊ နတ်လို့ခေါ်၊ ဗြဟ္မာလို့ခေါ်။ သမုတ်ရှိ အခေါ်ရှိ မြတ်စွာဘုရား ပယ်ရဲ့လား . . . (မပယ်ပါဘူး ဘု ရား)။

ညီတော်အာနန္ဒာလို့ မခေါ်လား . . . (ခေါ် ပါတယ် ဘုရား)။ သားတော် ရာဟုလာလို့ မခေါ်လား . . . (ခေါ်ပါတယ် ဘုရား)။ ချစ်သမီး ချစ်သားတို့လို့ မခေါ်လား . . . (ခေါ်ပါတယ် ဘုရား)။ မပယ်ဘူးနော်. . . (မှန်ပါ့ ဘုရား)။ ဘာတွေပယ်တာလဲလို့ မေးရင်ဘယ်လို အဖြေပေး

www.dhammadownload.com



မလဲ . . .။ လူလို့ မထင်လား. . . (ထင်ပါတယ် ဘုရား)။ ညီတော်အာနန္ဒာလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ်ဘုရား)။

ကဲ ညီတော် အာနန္ဒာလို့ ထင်တာ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းနော်။ ပူနွေးနွေး မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ တနည်းအားဖြင့် အေးတာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ပူတာ ဥဏှတေဇောပေါ့။ အေးတာ သီတတေဇော ပေါ့။ ပူတယ် အေးတယ် သိတာ သူ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ နာမ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ ပူတာ အေးတာက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါးပေါ့။

ညီတော်အာနန္ဒာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ သားတော် ရာဟုလာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ချစ်သမီး ချစ်သားတို့ လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ ဘာဖြစ်လို့ ညီတော်အာနန္ဒာ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ အဲဒါကို ပယ်တာကွဲ့။ နာမ်ရုပ်လို့သိ အဖေလို့ခေါ်၊ နာမ်ရုပ်လို့သိ အမေလို့ခေါ်၊ နာမ်ရုပ်လို့သိ

www.dhammadownload.com



သားလို့ခေါ်၊ သမီးလို့ခေါ်၊ လူလို့ခေါ်၊ နတ်လို့ခေါ်၊ သုံးဆယ့်တစ်ဘုံလို့ ခေါ်ကွဲ့။ သမုတ်ရှိ အခေါ်ရှိ ဘုရားပယ်ရဲ့လား . . . (မပယ်ပါဘူး ဘုရား)။ သမ္မုတိသစ္စာကိုး။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သူ့သစ္စာနဲ့ သူမှန်နေတာနော်။ အဲဒါ ယုံကြည်ဖို့ လိုတာပေါ့။ တွေ့တာက နာမ်၊ရုပ်က သက်သေမခံလား . . . (သက်သေခံပါတယ် ဘုရား)။

အဲဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လို ဥပမာပေးဟောလဲလို့၊ နာမ်ရုပ်ကို ကွင်းကွင်းရှင်းရှင်း လင်းလင်း အပ်ကျ မပ်ကျသိတဲ့ပုဂ္ဂိုလ် **ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မနက်အားထုတ် ညနေရတယ်၊ ညနေအားထုတ် မနက်ရတယ် မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဘယ်လောက်များ ထင်ရှားသလဲနော်။ ယုံကြည်ဖို့ လိုတာကွဲ့ . . .။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အခေါ်ရှိ သမုတ်ရှိပေါ့နော်။ မခေါ်လည်းရှိ ခေါ်လည်းရှိက နာမ်ရုပ် တရားနှစ်ပါး။ ဘယ်ပုံ ဘယ်နည်း

www.dhammadownload.com



ရှိတာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အနိစ္စအနေနဲ့ ရှိတာပေါ့။ ဒုက္ခ အနေနဲ့ ရှိတာပေါ့။ အနတ္တ အနေနဲ့ ရှိတာပေါ့။အနိစ္စ မမြဲခြင်း သဘောပေါ့။

အနိစ္စ မမြဲခြင်း သဘောက ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား ဒုက္ခလို့ ခေါ်မလား . . . ( ဒုက္ခလို့ ခေါ်ပါမယ် ဘုရား)။ ဤ ဒုက္ခ တရားကို ပိုင်သူရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ သတ္တဝါ အလိုသို့ လိုက်ကဲ့လား . . . (မလိုက်ပါဘူး ဘုရား)။ အကြိုက်သို့ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ အနတ္တလို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတယ်နော်။ ပွားလို့ သိတာ။ တီရဏပရိညာ။

ဘာနဲ့ ပိုင်းခြားတာလဲ၊ မေးဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အနိစ္စတရားနဲ့ နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလို လား . . . (လိုပါတယ် ဘုရား)။ ဒုက္ခတရားနဲ့ နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ အနတ္တ တရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ တီရဏပရိညာ။ နာမ်ရုပ်ကို တွေ့တဲ့ အခါ ညီတော်အာနန္ဒာ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ သားတော်ရာဟုလာ တွေ့သေးရဲ့လား . . .

www.dhammadownload.com



(မတွေ့ပါဘူး ဘုရား)။ ချစ်သမီး၊ ချစ်သားတို့ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ဘယ်လိုစွဲမှာလဲ . . . (စွဲစရာ မရှိပါဘူး ဘုရား)။ **ဉာတပရိညာ ပိုင်းခြားလို့ သိပါ**လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ကဲ နာမ်၊ ရုပ်က သက်သေမခံလား . . . (သက်သေခံပါတယ် ဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလားဟေ့ . . . (ကောင်းပါတယ် ဘုရား)။

နာမ်၊ ရုပ်လို့သိ၊ မြို့ရွာ တိုင်းပြည်လို့ ခေါ်ပေ့ါ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လက် တွေ့ မျက်တွေ့ကွဲ့နော်။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်။ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်က ဘယ်ပေါ်မှာ ဖြစ်တာလဲ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ပညတ်အာရုံမှာဖြစ်တာ။ ပရမတ်အာရုံမှာ ဖြစ်တာ ဟုတ်ကဲ့လား . . (မဟုတ်ပါဘူး ဘုရား)။ ခန္ဓာငါးပါးစလုံးကို အနှစ်သာရ မရှိဘူးနော်။

ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ဝေဒနာ ခံစားပြီးတော့ မပျက်လား . . . (ပျက်ပါတယ်ဘုရား)။ သညာ မှတ်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ စေတနာ

www.dhammadownload.com



စေ့ဆော်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ငါးပါးစလုံး ဖြစ်ပျက်ပေါ့။ နိစ္စလား အနိစ္စလား . . . (အနိစ္စပါ ဘုရား)။ ကဲ ကိလေသာ အာရုံ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ အဲဒီ ခန္ဓာပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ အနေနဲ့ နှလုံးသွင်းမှားလို့ ဖြစ်တာပေါ့။ ခန္ဓာလို့ သိမယ်ဆိုရင် နှလုံးသွင်း မမှန်ဘူးလား။ အနိစ္စ လို့သိရင် မမှန်ဘူးလား။ အဲဒီလို လေ့လာဖို့လိုတာနော်။

ဒါကြောင့်မို့ **ဉာတပရိညာ ပိုင်းခြားလို့ သိပါ** ပေါ့။ နာမ်ရုပ်နဲ့ ပုဂ္ဂိုလ်သတ္တဝါ ပိုင်းခြားတာ ဉာတပရိညာ။ ဉာတပရိညာ အရေးကြီးတယ်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အခုဟောတဲ့ ကိစ္စတွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်မှာပဲ သွားကြတယ်နော်။ အဲဒါ ခေါ်ရတာ လည်း လွယ်တာပေါ့။ မသိတဲ့လူက များပါတကား လူ တစ်ရာမှာ မေးကြည့် ဆယ်ယောက်လောက်ပဲ အဖြေ မှန်မယ်။ ကိုးဆယ်လောက်က မမှန်ဘူး။ ဖြစ်ပျက်လို့ ခေါ်တာ အသံထွက်ကတော့ မှန်တာပေါ့။ အဲဒီ အသံထွက်ကို သိရဲ့လား . . . (မသိပါဘူး ဘုရား)။ ကဲ ဉာတပရိညာနဲ့ သက္ကာယဒိဋ္ဌိ ဘယ်လိုဖြုတ်မလဲ၊ သက္ကာယဒိဋ္ဌိဖြုတ်ဖို့ လိုတာ။ ရုပ်နှစ်ခု တိုက်မှ ဖြစ်တာနော်။ စိစစ်စရာ မလို

www.dhammadownload.com



ဘူးလား . . . (လိုပါတယ် ဘုရား)။

မျက်စိအကြည်ရှိတော့ ရူပါရုံ အဆင်းမတိုက် လား . . . (တိုက်ပါတယ် ဘုရား)။ မြင်တဲ့စိတ် မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ငါမြင်တာလား မြင်သိစိတ်လား . . . (မြင်သိစိတ်ပါ ဘုရား)။ အဲဒီ မြင်သိစိတ်ဟာ ရုပ်နှစ်ခု မတိုက်ခင် အဲဒီ မြင်သိစိတ်ဟာ ဘယ်ဆီမှာနေတယ်လို့ လက်ညှိုး ညွှန်ပြခြင်းငှာ ထိုက်ကဲ့လား . . . (မထိုက်ပါဘူး ဘုရား)။ နှစ်ခုတိုက်မှ ပေါ်တာ။ ဒါ အရှိတရားလား အဖြစ် တရားလား . . . (အဖြစ်တရားပါ ဘုရား)။ ကဲ အဖြစ် တရားနော်။

အဖြစ်တရားကို မြင်သိစိတ်လို့သိတော့ ကိုယ် ထင်တာက လူပေါ့။ တွေ့တာက လူလား၊ မြင်သိစိတ်လား . . . (မြင်သိစိတ်ပါ ဘုရား)။ နတ်လား မြင်သိစိတ်လား . . . (မြင်သိစိတ်ပါ ဘုရား)။ ဗြဟ္မာလား မြင်သိစိတ်လား . . . (မြင်သိစိတ်ပါ ဘုရား)။ မြင်သိစိတ်ကို သိတဲ့အတွက် ဘာများအကျိုးရှိသလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်း ပါတယ် ဘုရား)။ အဲဒါ အဖြစ်တရားလို့ ခေါ်တယ်။ ဘာ အကျိုးရှိသလဲ၊ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အသက်ရှိတယ်လို့ ယူဦးမလား . . . (မယူတော့

www.dhammadownload.com



ပါဘူး ဘုရား)။ လိပ်ပြာရှိတယ်လို့ ယူဦးမလား . . . (မယူ တော့ပါဘူး ဘုရား)။ လူရှိတယ် နတ်ရှိတယ်လို့ ယူဦးမလား . . . (မယူတော့ပါဘူး ဘုရား)။ ဒိဋ္ဌိမပြုတ်လား . . . (ပြုတ် ပါတယ် ဘုရား)။

မြင်ပြီးရင် မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ဖြစ်ပြီးရင် မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ အပျက်ကို သိတော့ ခိုင်တယ်မြဲတယ်လို့ ယူဦးမလား . . . (မယူတော့ပါဘူး ဘုရား)။ သဿတဒိဋ္ဌိ မပြုတ်လား . . . (ပြုတ်ပါတယ် ဘုရား)။ နောက်ခန္ဓာအစားထိုးတာ သိတော့ ဘဝပြတ်တယ်လို့ ယူဦးမလား . . . (မယူတော့ပါဘူး ဘုရား)။ ဥစ္ဆေဒအယူ မပြုတ်လား . . . (ပြုတ်ပါတယ် ဘုရား)။ ကဲ သက္ကာယ၊ သဿတ၊ ဥစ္ဆေဒပြုတ်တယ်နော်။ အသိနဲ့ပြုတ်ရင် စူဠသောတာပန်ပေါ့။ အပွားနဲ့ အပယ်နဲ့ ပြုတ်ရင် မဟာသောတာပန်လို့ မဟောလား . . . (ဟောပါ တယ် ဘုရား)။ ဤနေရာရောက်အောင် ကြိုးစားအားထုတ်ဖို့ လိုတယ်။ သိမှ ပယ်နိုင်တာနော်။ အဲဒါ လက်တွေ့ မျက်တွေ့ တွေ့ပေါ့။ ထိထိမိမိ သဘောပေါက်ဖို့လိုတယ်။

မကြားစဖူး ကြားဖူးထပ်မံနော်။ လူနှစ်ယောက် ခရီးသွားကြတာပေါ့။ အိမ်တစ်အိမ်မှာ တည်းကြတယ်နော်။

www.dhammadownload.com



အိမ်ရှင်များကနေပြီးတော့မှ သူတို့တတ်အားသရွေ့ ကျွေးကြ၊ မွေးကြတာပေါ့။ တမာရွက်ကို ကတ်ကြေးနဲ့ နုပ်နုပ်ကိုက်ပြီးတော့ သုပ်ထားတာ ကြားရဲ့လား။ အရွက်က မပေါ်တော့ခါ တမာရွက်လို့ သိပ့်မလား . . . (မသိပါဘူး ဘုရား)။ အဲဒီတစ်ယောက်က လက်သုံးချောင်းနဲ့ နှိုက်ပြီးတော့မှ ဝါးစားကြည့် လိုက်တာပေါ့။ ခါးလွန်းလို့ ပြန်မထွေးပစ်ဘူးလား . . . (ထွေးပစ်ပါတယ်ဘုရား)။ သေပါလိမ့်မယ်ကွာ ခါးတာ၊ ထွေးပစ် လိုက်တာ။ ထွေးပစ်တယ်ဆိုတာကောင်းလို့လား မကောင်းလို့လား . . . (မကောင်းလို့ပါဘုရား)။ မကောင်းလို့။

ဟိုတစ်ယောက်က နောက်မှ နှိုက် တာနော်။ အခုမှခံတွင်းသာတယ်။ ခုမှ အရသာ ပြည့်စုံ တယ်။ ကဲ သူကကောင်းတယ်လို့ မထောက်ခံဘူးလား . . . (ထောက်ခံပါတယ် ဘုရား)။ ဟိုက မကောင်းဘူးလို့ မကန့်ကွက်ဘူးလား . . . (ကန့်ကွက်ပါတယ် ဘုရား)။ အဲဒီ နှစ်ယောက်ဟာတူရဲ့လား . . . (မတူပါဘူး ဘုရား)။ စဉ်းစားနော်။ တမာရွက်ဆိုတဲ့ အမည်နာမ လူမျိုးတစ်ရာ့ တစ်ပါး တူရဲ့လား . . . (မတူပါဘူး ဘုရား)။ မတူရင် ရှိလို့လား မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။

www.dhammadownload.com



ဤပမာဏကဲ့သို့ ဟိုလူက ကောင်းတယ်၊ ဒီလူက မကောင်းဘူးနော်။ တူသလား၊ မတူဘူးလား . . . (မတူပါဘူး ဘုရား)။ မတူရင် မရှိဘူးကွဲ့။ ခါးတဲ့အရသာ လူမျိုးတစ်ရာ့တစ်ပါး တူ မတူ . . . (တူပါတယ် ဘုရား)။ ခါးတာ တူတယ်နော်။ ခါးတဲ့ အထဲမှာ ကောင်းတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ ဆိုးတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ **ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်** မဟောဘူးလား. . . (ဟောပါတယ် ဘုရား)။ **သောမနဿဝေဒနာ စိတ်မှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ **ဒေါမနဿဝေဒနာ စိတ်မှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဘယ်လောက်များ ထင်ရှားသလဲနော်။ သူ့စိတ်မှာဖြစ်တာ။ သဘောကျတာ မကျတာ သူ့စိတ်မှာ ဖြစ်တာနော်။ **အိပ်မက်ပမာဏ၊ မျက်လှည့် ပမာဏလို့ မဟောဘူးလား** . . . (ဟောပါတယ် ဘုရား)။ အဲဒီလို သိဖို့ မလိုလားကွဲ့၊ သိမှ ပယ်နိုင်တာ။ **သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိစ္စ၊ မဂ် တစ်ခဏ** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

**မသိလျှင် တစ်ပတ်ပတ်၊ သိလျှင် အစသတ်တယ်** တဲ့ကွဲ့ ကြားရဲ့လား။ အဲဒီလို လေ့လာဖို့ မကောင်းလား

www.dhammadownload.com



. . . (ကောင်းပါတယ် ဘုရား)။ သိလို့ ပယ်တယ်ဆိုတဲ့ ကိစ္စက အဲဒီပုဂ္ဂိုလ်က အသိဉာဏ်ရလို့ ပယ်တဲ့ပုဂ္ဂိုလ်ဟာ သူနေတာ ထိုင်တာတွေဟာ အခါတိုင်းနဲ့ တူရဲ့လား . . . (မတူပါဘူး ဘုရား)။ မူ မပြောင်းဘူးလား . . . (ပြောင်းလာပါတယ် ဘုရား)။ အခုလည်း သိရင် မူပြောင်းရမှာပေ့ါ။ အခုလည်း တရားနာတယ်၊ နာဖန်များတော့ မူပြောင်းရမှာနော်။ မူမပြောင်းသေးရင် အပြောမှန်ပြားသော်လည်း သဘော မရောက်သေးဘူးပေ့ါ။ ကြိုးစားအားထုတ်ဖို့လိုတယ်။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒီ တမာရွက်ထဲမှာ ဆိုးကောင်းနှစ်ပါး လွတ်တာ မထင်ရှားဘူးလား . . . (ထင်ရှားပါတယ် ဘုရား)။ ဆိုးကောင်းနှစ်ပါး လွတ်တယ်နော်။ ခါးတဲ့ အရသာ ပေ့ါ။ တမာရွက်ဆိုတာ လူမျိုးတစ်ရာ့တစ်ပါး မတူဘူးပေ့ါ။ ခါးတဲ့ အရသာက တူတယ်နော်၊ ဆိုးတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ ကောင်းတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ **ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်**ပေ့ါ။ တမာရွက်မှာ ခါးတဲ့အရသာမှာ ဆိုးကောင်းနှစ်ပါး လွတ်ရင် ချိုတဲ့ အရသာမှာ မလွတ်ဘူးလား . . . (လွတ်ပါတယ် ဘုရား)။ စပ်တဲ့ အရသာမှာ မလွတ်ဘူးလား . . . (လွတ်ပါတယ် ဘုရား)။ ဆိမ့်တဲ့အရသာမှာ မလွတ်ဘူးလား . . . ( လွတ်ပါ

www.dhammadownload.com



တယ် ဘုရား)။ လွတ်တယ်နော်။ မျက်စိနဲ့ဆိုင်ရာ အဆင်း ပေါ့။

အဲဒီ အမြင်ခံမှာ **မြင်တာကို သညာဖုံးတယ်၊ သညာကို သက်ာရှင်းမှ သက်ာကင်းမယ်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မြင်တာက အဆင်းဓာတ်ကို မြင်တာနော်။ သညာက မင်းသမီးပေါ့။ သညာက မင်းသား ပေါ့၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီလိုဆိုရင် ကိလေသာအာရုံတွေ ဖြစ်လာခဲ့မှာပေါ့။ အဆင်းလို့ မြင်တဲ့အခါ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ အမြင်ခံ အရှုခံ အဆင်းရူပက္ခန္ဓာထဲမှာ ချစ်စရာ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ မပါဘူး၊ ပါတာ ပြန် ဆန်းစစ်ဖို့ လိုတယ်နော်။

အမျိုးသမီးနဲ့ အမျိုးသား အကြင်လင်မယား ဖြစ်ပြီး တော့မှ ပေါင်းတာ လေး၊ ငါး၊ ခြောက်နှစ် ကြာတာပေါ့။ နောက်ပိုင်းကျတော့ စားဝတ်နေရေး မပြေတော့ ဗျစ်တောက် ဗျစ်တောက်နဲ့ ရန်တွေ့တာပေါ့။ ရန်တွေ့တော့ ကွဲကြတော့ တာပေါ့။ ကွဲတယ်ဆိုတာ လင်မယား ကွဲတာမှာ ချစ်လို့လား မုန်းလို့လား . . . (မုန်းလို့ပါ ဘုရား)။ သုံးလလောက် ကြာသွားပြီနော်။ ရပ်ကွက်မှာရှိတဲ့ လူကြီးတွေက၊ အင်း၊ ဟိုအရပ်က ကြားလို့မတော်၊ ဒီအရပ်က ကြားလို့ မတော်

www.dhammadownload.com



ဘူးပေါ့။ ပြန်ပြီးတော့ မစေ့စပ်ပေဘူးလား . . . (စေ့စပ်ပါတယ် ဘုရား)။ မင်းတို့ ရန်တွေ့တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ အခု တစ်ကြိမ်ပေါ့။ ငါတို့ လေးကြိမ်ရှိပြီကွဲ့။ အခုမှ နေသားကျတာ။ တစ်ကြိမ် တစ်ခါတော့ သည်းခံဦးပေါ့။ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။

မင်းတို့ ထမင်းစားတဲ့ အခါ လျှာနဲ့ သွား မကိုက်မိဘူးလား၊ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ ကိုက်မိတယ်လို့ အဖြေမပေးလား . . . (ပေးပါတယ် ဘုရား)။ ဘာဖြစ်လို့ ကိုက်မိတာလဲလို့ မမေးဘူးလား . . . (မေးပါတယ် ဘုရား)။ မတော်လို့တဲ့။ အခုလည်း မတော်လို့ဖြစ်တာ။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လင်မယား ရန်တွေ့တာ ပြေလည်အောင်ပြောတော့ ပြန်ပြီးတော့ မပေါင်းမိဘူးလား . . . (ပေါင်းမိပါတယ် ဘုရား)။ စိတ်ဆိုးပြေတော့ ပြန်ပေါင်းမိတယ်နော်။ တကယ်သာ မုန်းစရာပါရင် ပြန်ပေါင်းလို့ ရ မရ . . . (မရပါဘူး ဘုရား)။ အဲဒါ ယုံကြည်ရဲ့လား . . . (ယုံကြည်ပါတယ် ဘုရား)။ ချစ်စရာပါရင် လင်မယား ရန်တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ ချစ်စရာမပါလို့ ရန်တွေ့တာ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်

www.dhammadownload.com



ဘုရား)။ ပြန်ပေါင်းလို့ရတာ မှန်းစရာ မပါလို့ပေါ့။

အဲဒါကြောင့် **ဥပေက္ခာဝေဒနာ မျက်စိမှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ **ဥပေက္ခာဝေဒနာ နားမှာပေါ်သည်၊ ဥပေက္ခာဝေဒနာ နှာမှာပေါ်သည်၊ ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်၊** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ **သုခဝေဒနာ ကိုယ်မှာပေါ်သည်၊ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်၊ သောမနဿဝေဒနာ စိတ်မှာပေါ်သည်၊ ဒေါမနဿဝေဒနာ စိတ်မှာပေါ်သည်** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒီ စိတ်မှာပေါ်တဲ့ အိပ်မက်ပမာဏ၊ မျက်လှည့်ပမာဏ အဲဒါ သိဖို့ လိုတာပေါ့။ ခန္ဓာမှာဖြစ်တာ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ပညတ်အာရုံမှာ သူ့စိတ်မှာ ဖြစ်တာနော်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ခန္ဓာဘက်ကို ဉာဏ်လှည့်တဲ့အခါ ကဲ ရာဂ စိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဟာ နှလုံးသွင်းမှားလို့ ဖြစ်တာ၊ အဲဒီ ခန္ဓာမှာ ပုဂ္ဂိုလ် သတ္တဝါလို့ နှလုံးသွင်းမှားတာပေါ့။ အဆင်း ရူပက္ခန္ဓာတရား အပေါ်မှာ မင်းသမီးအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ

www.dhammadownload.com



တဏှာ သမုဒယသစ္စာလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုးခန္ဓာ မပေါ်ဘူးလား . . . (ပေါ်ပါ တယ် ဘုရား)။ ခန္ဓာရရင် အို၊ နာ၊ သေ လွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ သမုဒယကြောင့် ဒုက္ခပေါ့။ ဒါ နှလုံးသွင်းမှားလို့ ဖြစ်တာ။

အဆင်း ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့သိတာက . . . (သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာပါ ဘုရား)။ သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ . . . (လေးကွက်ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါ ဘုရား)။ ငါးလေးလီ . . . (နှစ်ဆယ်)။ ဤရှစ်သွယ်ကို. . . (အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း)။

www.dhammadownload.com



(ဆရာတော် သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ဆရာတော် သံဃာတော်
ကျန်းမာစွာနှင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)
သာဓု ... သာဓု ... သာဓု

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်

ဦးကျော်မင်း+ ဒေါ်သီသီလွင်

သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း

မိသားစု (ရွှေပြည်နန်း ကုမ္ပဏီလီမိတက်)

## မုံလယ်တောရ ဓမ္မရိပ်သာ


| | | |
|---|---|---|
| ဂန့်ဂေါ (ပင်ရင်း) | ဖုန်း- | ၀၆၂-၅၀၀၈၈ |
| | | ၀၆၂-၅၀၀၈၉ |
| ပဲခူး၊ (၁၀)မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁) | | |
| | ဖုန်း- | ၀၉-၈၆၅၀၉၄၇ |
| ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂) | | |
| | ဖုန်း- | ၀၈၄-၂၂၅၀၁ |
| မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃) | | |
| | ဖုန်း- | ၀၂- ၉၁၀၁၀၀၁၂ |
| တောင်ကြီးမြို့၊ | ဖုန်း- | ၀၈၁-၂၁၀၉၆ |